# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ

## စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန

## (ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)

## လူထုဗဟိုပြုစီမံကိန်း

## National Community Driven Development Project

## (NCDDP)



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

# Village Development Plan(VDP)

## ကြံခင်းမြို့နယ်

၂၀၁၈ ခုနှစ်

ကဖင်းကြီးအုပ်စု၊ သဒ္ဒမ္မရာအင်းလေးကျေးရွာ

**မာတိကာ**


၁. မြို့နယ်မြေပုံ

၂.ကျေးရွာမြေပုံ (တည်နေရာ)

၃.အုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်း

၄.ကျေးရွာအခြေခံအချက်အလက်များ

၅.လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောPRA tools များနှင့်တစ်ခုချင်းစီ အတွက်သုံးသပ်ချက်များ

၇.ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ

၈.ကော်မတီဝင်များစာရင်း

၉.ကျေးရွာအချက်အလက် (ပုံစံ-၁)

၁၀.စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂)


၁၁.ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃)

၁၂.ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄)


၁၃.အစည်းအဝေးမှတ်တမ်းများ

၁၄.ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

၁. မြို့နယ်မြေပုံ


ကြံခင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု၊ ကျေးရွာများပြမြေပုံ
N
ဧရာဝတီတိုင်းဒေသကြီး
ဟင်္သာတခရိုင်၊ ကြံခင်းမြို့နယ်
ကွင်းအညွှန်းပြမြေပုံ
စကေး ၁ လက်မ = ၄မိုင်
ပဲခူး တိုင်း ဒေ သ ကြီး
အလုံချောင်း
မြောက်မြန်အောင်သစ်တောကြိုးဝိုင်း
ကွန်ချောင်းဆည်
ကွန်ချောင်း
ရေသာယာချောင်း
ဖါးတရှူးချောင်း
ကျောက်နီချောင်း
မှုင်ဝါးတောင်သစ်တောကြိုးဝိုင်း
ပတော်ချောင်း
ရ ခိုင် ပြည် နယ်
ကြံခင်းသစ်တောကြိုးဝိုင်း
ဧရာဝတီမြစ်
ရေလယ်ကျွန်း
ပတော်သစ်တော ကြိုးဝိုင်း
ရေနံတောင်သစ်တော ကြိုးဝိုင်း
ရွှေသမင်သစ်တော ကြိုးဝိုင်း
မြန်အောင် မြို့ နယ်
ညွှန်ပြချက်
ပြည်နယ်/တိုင်း/ခရိုင်ခြား
မြို့နယ်ခြား
ကျေးရွာအုပ်စုခြား
ကွင်းခြား
ကားလမ်း
ရထားလမ်း
မြစ်ချောင်း

## ၂. ကြံခင်းမြို့နယ် ကဇင်းကြီးကျေးရွာအုပ်စုပြမြေပုံ




ကဇင်းကြီးကျေးရွာအုပ်စုပြမြေပုံ

**၃. အုပ်စုတွင်ပါဝင်သောကျေးရွာစာရင်း** (ကဇင်းကြီးကျေးရွာအုပ်စု)

၁. ရှမ်းတောင်ယာကျေးရွာ

**၂. သဒ္ဒမ္မရာအင်းလေးကျေးရွာ**

၃. သဒ္ဒမ္မရာအင်းလေးကွက်သစ်ကျေးရွာ

၄. သဒ္ဒမ္မရာအင်းကြီးကျေးရွာ

၅. ကဇင်းကြီးကျေးရွာ

၆. ကြိုးကြာတန်းကျေးရွာ

ကဇင်းကြီးကျေးရွာအုပ်စုသည် ကျေးရွာပေါင်း(၆)ရွာ ဖြင့် ပါဝင်ဖွဲ့စည်းထားပါသည်။

## ၄. သဒ္ဓမ္မရာအင်းလေးကျေးရွာ၏အခြေခံအချက်အလက်များ

သဒ္ဓမ္မရာအင်းလေးကျေးရွာသည် ကြံခင်း-ဆိပ်သာ ကားလမ်းဘေးတွင် တည်ရှိပြီး၊ ကြံခင်းမြို့နှင့် (၄) ဖာလုံခန့်သာ ကွာဝေးသောကျေးရွာတစ်ရွာ ဖြစ်ပါသည်။ အိမ်ထောင်စု(၈၄) အိမ်စု ရှိ၍ လူဦးရေ (၂၈၉) ဦးတို့ နေထိုင်ကြပါသည်။ တစ်ရွာလုံးမှာ ဗုဒ္ဓဘာသာ၊ ဗမာလူမျိုးများ ဖြစ်ကြပါသည်။

ကျေးရွာတွင် မူလတန်းကျောင်းနှင့် World Vision မှ ထောက်ပံ့သော မူကြိုကျောင်းတို့ကို ပိုင်ဆိုင်ထားပါသည်။ စေတီ၊ တန်ဆောင်း၊ စာကြည့်တိုက်တို့ကို ပိုင်ဆိုင်ထားကြပါသည်။ ကျေးရွာအတွင်းတွင် လက်သမား၊ ပန်းရံ၊ လျှပ်စစ်ကျွမ်းကျင်သူ၊ ရေပိုက်သွယ်သူ၊ စက်ပြင်ဆရာတို့ရှိသည်ကို သိရှိရပါသည်။ ကျေးရွာတွင်းလမ်းမှာ ချောင်းကျောက်ခင်းလမ်းဖြစ်ပါသည်။

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ကျေးရွာတွင်(၂၀၁၂) ခုနှစ်မှစ၍ World Vision အဖွဲ့အစည်းမှ ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်နေသည်ကို သိရပါသည်။

သဘာဝဘေးအန္တရာယ် ကျရောက်ခြင်းမရှိသော ကျေးရွာတစ်ရွာဖြစ်သည်ကို သိရှိရပါသည်။

# ၅. လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁။ | လူမှုနှင့်သဘာဝအရင်းမြစ်ပြမြေပုံ (Social map & Resource map) | ၂၄-၉-၂၀၁၄ | ရပ်မိရပ်ဖ၊ ကော်မတီဝင်များ၊ရပ်ရွာလူထုများ | ၃ | ၅ | ၈ | -ဒေသတွင်းသဘာဝအရင်းမြစ်များ<br>-လူမှုအဆောက်အဦများ<br>-ဘာသာရေးအဆောက်အဦများ<br>-လမ်းပမ်းဆက်သွယ်ရေး |
| ၂။ | ရာသီခွင်ပြပြက္ခဒိန် (Seasional Calendar) | ၂၄-၉-၂၀၁၄ | ကော်မတီဝင်များ၊ရပ်ရွာလူထုများ | ၅ | ၅ | ၁၀ | -ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊ လအလိုက်ဝင်ငွေများ၊ အလုပ်ကိုင်အခွင့်လမ်းများ၊ပွဲတော်များ၊ သဘာဝဘေးများ၊လယ်ယာလုပ်ငန်းနှင့်အခြားလုပ်ငန်းများ |
| ၃။ | လူမှုစီးပွားအဆင့်သက်မှတ်ခြင်း (Wealth Ranking) | ၂၄-၉-၂၀၁၄ | ချမ်းသာ၊ အလယ်အလတ်နွမ်းပါးအုပ်စုများ | ၃ | ၅ | ၈ | -ကျေးရွာ လူမှုစီးပွားအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေး<br>-အဆင့်လိုက်အခြေခံ စံနှုန်းများ အများသဘောတူသက်မှတ်နိုင်ရေး<br>-ကျေးရွာ၏လူမှုစီးပွားအခြေအနေ |
| ၄။ | အဖွဲ့စည်းချိတ်ဆက်မှုပြမြေပုံ (Venn Diagram) | ၂၄-၉-၂၀၁၄ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊အခြားအဖွဲ့တွင်ပါဝင်သူများ | ၆ | ၅ | ၁၁ | -ကျေးရွာတွင်း ၊ပြင်ရှိအဖွဲ့အစည်းများ မည်ကဲ့သို့ ချိတ်ဆက်ဆောင်ရွက်နေပုံ။ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၅။ | ပင့်ကူအိမ်ကွန်ယက် (Cobweb) | ၂၆-၉-၂၀၁၇ | ကျေးရွာရှိအမျိုးသားနှင့်အမျိုးသမီးများ | ၅ | ၅ | ၁၀ | -နေ့စဉ်ဘဝအတွက်ဆောင်ရွက်မှုတွင် အမျိုးသားနှင့်အမျိုးသမီးတို့ပါဝင်မှုအချိုး<br>-အမျိုးသားနှင့်အမျိုးသမီးတန်းတူအခွင့်ရေးရရှိ<br>နိုင်မှုပေါ် သုံးသပ်ခြင်း။ |
| ၆။ | အရင်းမြစ်များ အပေါ် အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့်ဆုံးဖြတ်နိုင်မှု (Assent Mapping) | ၂၆-၉-၂၀၁၇ | ကျေးရွာရှိအမျိုးသားနှင့်အမျိုးသမီးများ | ၃ | ၅ | ၈ | -အရင်းမြစ်များပေါ် တွင် (အမျိုးသားနှင့်အမျိုးသမီးများ)အသုံးပြုနိုင်မှုနှင့်ထိန်းချုပ်မှုသည်မည်သည့်အကြောင်းကြောင့်နည်း။မည်သို့ညီမျှစွာခံစားခွင့်ရမည်နည်း။ |
| ၇။ | အခက်ခဲပြသနာ (Problem) | ၂၆-၉-၂၀၁၇ | ကော်မတီဝင်များ နှင့်ရပ်ရွာလူထုများ | ၁၈ | ၂၇ | ၄၅ | -ဒေသဖွံ့ဖြိုးရေးအတွက်အနှောင့်အယှက်အတားဆီး၊အခက်ခဲများ<br>-လိုအပ်ချက်များ။ |
| ၈။ | ကျေးရွာမျှော်မှန်းချက် (Village Vision) | ၂၆-၉-၂၀၁၇ | ကော်မတီဝင်များ နှင့်ရပ်ရွာလူထုများ | ၁၈ | ၂၇ | ၄၅ | -ဒေသဖွံ့ဖြိုးရေးအတွက်ဘာတွေကိုမျှော်မှန်းထားသလဲ<br>-ဘာကြောင့်မျှော်မှန်းထားမှု။ |
| ၉။ | ကျေးရွာ ဦးစားပေး လုပ်ငန်း | ၂၆-၉-၂၀၁၇ | ကော်မတီဝင်များ ရပ်ရွာလူထုများ၊ တက်ရောက်သူအားလုံး | ၁၈ | ၂၇ | ၄၅ | -အကျိုးပြုဦးရေ၊အကျိုးခံစားခွင့်လိုအပ်ချက်အဆင့်သတ်မှတ်ခြင်း။ |

**၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ**

<u>(က) လူမှုအရင်းအမြစ်ပြမြေပုံ နှင့် သုံးသပ်ချက်</u>



လူမှုအရင်းအမြစ်ပြမြေပုံ

**လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ (ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်)**

- **ဒေသတွင်း သဘာဝအရင်းအမြစ်များအနေဖြင့်** လယ်ကွင်းများ၊ ဝါးတောများ၊ မြေနုကျွန်းပေါ်ရှိ ကိုင်းများ ပိုင်ဆိုင်ထားသည်ကို တွေ့ရပါသည်။ လယ်၊ ယာ၊ ကိုင်း၊ ကျွန်း စိုက်ပျိုးရေးလုပ်ငန်းဖြင် အသက်မွေးဝမ်းကြောင်း ပြုကြသည်ကို တွေ့ရပါသည်။ ရေတွင်း၊ တုံကင်များ ရှားပါး၍ နွေရာသီတွင် သောက်သုံးရေခက်ခဲသော ကျေးရွာတစ်ရွာဖြစ်ပါသည်။
- **လူမှုအဆောက်အဦများအနေဖြင့်** မူလတန်းကျောင်း၊ မူကြိုကျောင်း၊ စာကြည့်တိုက်၊ စေတီ၊ ဓမ္မာရုံ စသောလူမှုအဆောက်အဦများကို ပိုင်ဆိုင်ထားသည်ကို တွေ့ရပါသည်။
- **လမ်းပန်းဆက်သွယ်ရေးအနေဖြင့်** ကျေးရွာမှာ ကြံခင်း- ဆိပ်သာလမ်းဘေးတွင် တည်ရှိ၍ လမ်း ပန်းဆက်သွယ်ရေး ကောင်းမွန်သော ကျေးရွာတစ်ရွာ ဖြစ်ပါသည်။ ရွာတွင်းလမ်းမှာ ချောင်း ကျောက်ခင်းလမ်း ဖြစ်သည်ကို လေ့လာတွေ့ရှိရပါသည်။
- **ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေး** ကျေးရွာတွင် မူလတန်းကျောင်း၊ မူကြိုကျောင်းတို့ရှိပြီး မြို့နှင့်အလှမ်းမဝေးသောကြောင့် ပညာရေးလက်လှမ်းမီသော ကျေးရွာတစ်ရွာ ဖြစ်ပါသည်။ ကျေးရွာတွင် ကျေးလက်ဆေးပေးခန်း မရှိသဖြင့် ကြံခင်းမြို့သို့သွားရောက်၍ ဆေးကုသကြရပါသည်။ စီးပွားရေးမှာ လယ်၊ ကိုင်း စိုက်ပျိုးရေးဖြစ်၍ နွားမွေးမြူရေး၊ ကြက်မွေးမြူရေးလုပ်ငန်း တို့ကို လုပ်ကိုင်ကြသည်ကို တွေ့ရပါသည်။ အစိုးရဝန်ထမ်းအလုပ်ဖြင့် အသက်မွေးဝမ်းကြောင်း ပြုကြသည်ကို လေ့လာတွေ့ရှိရပါသည်။
- **ကျေးရွာသည် လူထုဗဟိုပြုစီမံကိန်း၊ ပထမနှစ်စက်ဝန်းတွင် ဆောင်ရွက်ပေးခဲ့သော ရွာတွင်း ချောင်းကျောက်လမ်းခင်းခြင်း၊ ဒုတိယနှစ်စက်ဝန်းတွင် ရေပေးဝေရေးလုပ်ငန်းများ ရရှိဆောင် ရွက်ခဲ့ပြီး၊ ယခု တတိယနှစ်စက်ဝန်းတွင် စီမံကိန်းလုပ်ငန်း တစ်နှစ်နားခဲ့ပါသည်။**
- **ယခု တတိယနှစ်စက်ဝန်းတွင် ပထမနှစ်မှ ဆွေးနွေးခဲ့သော အကြောင်းအရာများနှင့် အခြား လူမှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အရင်းအမြစ်များ ထပ်တိုးပြောင်းလဲခြင်းများ မရှိခဲ့ပါ။**
- **ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက် (တတိယနှစ်စက်ဝန်း)**
    - ကျေးရွာတွင် လျှပ်စစ်မီးလင်းရေး
    - ရွာတွင်းဂုံးပေါက်နှင့် ကျန်ရှိသောလမ်းများအဆင့်မြှင့်တင်ခြင်း
    - ကျန်းမာရေးဆေးပေးခန်း
    - အသေးစားချေးငွေများ
    - ဝင်ငွေတိုးလုပ်ငန်းများ
    - ကြက်၊ ဝက် မွေးမြူရေး နှင့် မွေးမြူရေးဆိုင်ရာ သင်တန်းများ
    - အသက်မွေးဝမ်းကြောင်းအတွက် လက်မှုပညာဆိုင်ရာ သင်တန်းများ

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(ခ) ရာသီခွင်ပြ ပြက္ခဒိန် သုံးသပ်ချက်




ရာသီခွင်ပြ ပြက္ခဒိန်

ရာသီခွင်ပြဇယားမှဆန်းစစ်မှုရလဒ် (ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်)

- တပေါင်းလမှ ကဆုန်လအထိသည် နွေရာသီ၊ ပူပြင်းသောလရာသီဖြစ်ပြီး၊ နယုန်လမှစတင်ကာ သီတင်းကျွတ်လအထိသည် မိုးရာသီဖြစ်ပြီး မိုးများရွာသွန်းကြပါသည်။ တန်ဆောင်မုန်းလမှ တပို့တွဲလများသည် နှင်းများကျ၍ ချမ်းအေးသည်ကို တွေ့ရပါသည်။
- မိုးရာသီတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး၊ ဆောင်းရာသီတွင် ကိုင်းသီးနှံ၊ မတ်ပဲ တို့ကို အဓိကစိုက်ပျိုးကြသည်ကို တွေ့ရပါသည်။ ဝါဆိုလသည် ကောက်စိုက်ချိန်ဖြစ်ပြီး၊ နတ်တော်လသည် စပါးပေါ်ချိန်၊ တန်ခူးနှင့် ကဆုန်လသည် ကိုင်းသီးနှံများပေါ်ချိန်ဖြစ်ပြီး ဝင်ငွေ အကောင်းဆုံးလများဖြစ်ကြသည်ကို တွေ့ရပါသည်။ အမျိုးသားများနှင့် အမျိုးသမီးတို့၏ ဝင်ငွေရရှိမှုအချိုးမှာ များစွာကွာခြားမှု မရှိသည်ကို လေ့လာတွေ့ရှိရပါသည်။
- တန်ခူးလတွင် သင်္ကြန်ပွဲ၊ ကဆုန်လတွင် ညောင်ရေသွန်းပွဲ၊ သီတင်းကျွတ်လတွင် မီးထွန်းပွဲတော်၊ တန်ဆောင်မုန်းလတွင် တန်ဆောင်တိုင်ပွဲတော်တို့ကို ဗုဒ္ဓဘာသာတို့၏ ဓလေ့ထုံးစံအတိုင်း ကျင်းပကြသည်ကို တွေ့ရပါသည်။
- ရာသီအကူးအပြောင်းများတွင် မျက်စေ့နာခြင်း၊ နယုန်လတွင် ဝမ်းလျှောခြင်း၊ ဝါဆိုလတွင် တုတ်ကွေးဖြစ်ခြင်း၊ နတ်တော်လတွင် နှာစေး၊ ချောင်းဆိုးရောဂါတို့ ဖြစ်လေ့ရှိပြီး ကျန်လများတွင် ကျန်းမာရေးကောင်းမွန်သည်ကို လေ့လာတွေ့ရှိရပါသည်။
- ဒေသထွက်အစားအစာ အနေဖြင့် ရာသီတိုင်းတွင် အစားအစာ အသင့်အတင့်ပေါ်များ၍ တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသိုလများတွင် စပါး၊ ဗူးသီး၊ ဖရဲသီး စသော ဒေသထွက်သီးနှံများပေါ် များစွာထွက်ရှိသည်ကို တွေ့ရပါသည်။
- **ယခု တတိယနှစ်စက်ဝန်းတွင် သဒ္ဒမ္မရာအင်းလေး ကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန်(ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်) သည်နှစ်စဉ်ကြုံတွေ့နေကြအတိုင်း ထပ်တိုးပြောင်းလဲခြင်းမရှိပါ။**

**၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ**

<u>(က) လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း နှင့် သုံးသပ်ချက်</u>



လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း

**<u>ဥစ္စာဓနကြွယ်ဝမှုဇယား (ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်)</u>**

- သဒ္ဓမ္မရာအင်းလေးကျေးရွာ၏ လူနေမှုအဆင့်များကို (က၊ ခ၊ ဂ၊ ဃ) ဟူ၍ အဆင့်(၄) ဆင့်သတ် မှတ်ပြီး ရေးဆွဲခဲ့ပါသည်။
- သဒ္ဓမ္မရာအင်းလေးကျေးရွာတွင် ချမ်းသာသောအုပ်စု၊ (က) အုပ်စုမှာ (၁၁) အိမ်ထောင်စုရှိပြီး၊ တိုက်ခံအိမ်(သွပ်မိုး)၊ ပျဉ်ထောင်အိမ်၊ လယ်(၁၂) ဧက၊ ကိုင်း(၄) ဧက၊ ရေစုပ်စက်၊ နွား(၁) ရှဉ်း၊ လှည်း၊ ဥယျာဉ်ခြံ၊ ဆိုင်ကယ်၊ ဖောကား၊ သုံးဘီးဆိုင်ကယ်၊ သားသမီးများအား ကျောင်းပြီး သည်အထိ ထားနိုင်ကြပြီး အကြွေးအသင့်အတင့် ရှိကြောင်းသိရပါသည်။
- အသင့်အတင့်အုပ်စု၊ (ခ) အုပ်စုမှာ အိမ်ထောင်စု (၂၄) ရှိပြီး၊ ပျဉ်ထောင်ပျဉ်ခင်း၊ သွပ်မိုး၊ လယ်(၄) ဧက၊ ကိုင်း(၂) ဧက၊ ရေစုပ်စက်၊ ဆိုင်ကယ်၊ စက်ဘီး၊ နွား(၁) ရှဉ်း၊ လှည်း၊ ကျောင်းပြီးသည်အထိ ကျောင်းထားနိုင်ကြပြီး အကြွေးအသင့်အတင့် ရှိကြောင်းသိရပါသည်။
- မပြေလည်သောအုပ်စု၊ (ဂ) အုပ်စုမှာ (၃၁) အိမ်ထောင်စုရှိပြီး ထရံကာ၊ သွပ်မိုး၊ လယ်(၁) ဧက၊ ဆိုင်ကယ်၊ စက်ဘီး၊ နွားမွေးမြူရေး၊ ဝက်မွေးမြူရေး၊ ကျပန်းအလုပ်များ လုပ်ကိုင်ကြပြီး ပညာရေးကို အထက်တန်းအထိ ကျောင်းထားနိုင်ကြကြောင်းနှင့် အကြွေးအသင့်အတင့် ရှိကြကြောင်း သိရှိရပါသည်။
- နွမ်းပါးသောအုပ်စု၊ (ဃ) အုပ်စုမှာ (၁၈) အိမ်ထောင်စုရှိပြီး ဝါးအိမ်၊ သက်ကယ်မိုး၊ စက်ဘီး၊ ကြက်၊ ကျပန်းလုပ်ငန်း လုပ်ကိုင်ကြပြီး မူလတန်းကျောင်းထိသာ ကျောင်းထားနိုင်ကြကြောင်း နှင့် အကြွေးမရှိကြောင်း သိရှိရပါသည်။
- အချုပ်အားဖြင့် ဆိုရလျှင် ကျေးရွာတွင် နေထိုင်ကြသော မည်သည့်အဆင့် အိမ်ထောင်စုများမှ ဖြစ်စေ မိမိတို့ သားသမီးများအား မိမိတို့တတ်နိုင်သလောက် ပညာရေးသင်ကြားမှုများကို ကြိုး စားအားပေးမှုများ ပြုလုပ်ကြကြောင်း သုံးသပ်သိရှိရပါသည်။
- ကျေးရွာ၏ လူမှုစီးပွားအဆင့်သတ်မှတ်ချက်ကို ကြည့်ခြင်းအားဖြင့် ကျေးရွာ၏ ကွဲပြားသော အုပ်စု အခြေအနေများကို သိရှိနားလည်ပြီး၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် အုပ်စုအားလုံး ပါဝင်လာစေရန် အထောက်အကူ ပြုနိုင်လိမ့်မည်ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရ ပါသည်။
- **ယခုတတိယနှစ်စက်ဝန်းတွင် သဒ္ဓမ္မရာအင်းလေး ကျေးရွာ၏ ဥစ္စာဓန ကြွယ်ဝမှုဇယား၊ လူမှုစီးပွား အဆင့်(ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်) ဖော်ပြမှုတွင် ဒုတိယနှစ်မှ ဆွေးနွေးထားသော အကြောင်းအရာများ၊ သုံးသပ်ချက်များအတိုင်းပင်ဖြစ်ပြီး၊ အသစ်ထပ်တိုးပြောင်းလဲမှုမရှိပါ။ အိမ်ခြေ အတိုး၊ အလျော့အနည်းငယ်သာ ရှိပါသည်။**

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

<u>(ဃ) အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ နှင့် သုံးသပ်ခြင်း</u>




အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ


**အဖွဲ့အစည်းချိတ်ဆက်ပြပုံ (ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်)**

- ကျေးရွာအတွင်းတွင် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ ပါဝင်သော အုပ်ချုပ်ရေးအဖွဲ့၊ လူထုဗဟိုပြု စီမံကိန်းအဖွဲ့၊ ဂေါပကအဖွဲ့၊ ပရိတ်အသင်းအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ တို့ရှိကြပြီး၊ အုပ်ချုပ်ရေးအဖွဲ့မှာ အင်အားအကြီးဆုံးဖြစ်ပါသည်။
- အုပ်ချုပ်ရေးအဖွဲ့မှာ ပြင်ပရှိ မြို့နယ်အုပ်ချုပ်ရေး အဖွဲ့ဖြင့်လည်းကောင်း၊ ကျေးရွာ လူထုဗဟိုပြု စီမံကိန်းအဖွဲ့မှာ မြို့နယ်လူထုဗဟိုပြုစီမံကိန်း၊ မြို့နယ်ကျေးလက်အဖွဲ့ ဖြင့်လည်းကောင်း၊ ငွေစု ငွေချေးအဖွဲ့သည် မြို့နယ် World Vision အဖွဲ့ဖြင့် လည်းကောင်း၊ အသီးသီးချိတ်ဆက် ဆောင် ရွက်မှုပြုလုပ်ကြကြောင်း သိရှိရပါသည်။
- အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံအား ရေးဆွဲခြင်းအားဖြင့် ကျေးရွာတွင်း အဖွဲ့အစည်းများနှင့် ကျေးရွာပြင်ပအဖွဲ့အစည်းများ အသီးသီးချိတ်ဆက် ဆောင်ရွက်ကြမှု၊ အင်အားကြီး အဖွဲ့အ စည်းများ၊ အင်အားသေး အဖွဲ့အစည်းများကို ကြည့်ပြီး ကျေးရွာတွင် အကြောင်းကိစ္စ ကြီး/ ငယ် ပေါ်ပေါက်ပါက ကျေးရွာသူ/ ကျေးရွာသားများ ဆက်သွယ်ဆောင်ရွက်တတ်ကြစေရန် ရည် ရွယ်ရေးဆွဲခဲ့ပါသည်။
- ကျေးရွာတွင်း နှင့် ကျေးရွာပြင်ပရှိအဖွဲ့အစည်းများကို သိရှိခြင်းအားဖြင့် ကျေးရွာ၊ အုပ်စု၊ မြို့ နယ် ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ရာတွင် မတူညီသောအဖွဲ့အစည်းများ၊ မတူညီသော သတင်းအချက်အလက်များကို တပြေးညီ ဆောင်ရွက်သိရှိနိုင်ပြီး၊ ပိုမိုဖွံ့ဖြိုးအောင်မြင်လိမ့် မည် ဟုသိမြင် ခံစားမိပါသည်။
- **ယခု တတိယနှစ်စက်ဝန်းတွင် သဲ့မှုရာအင်းလေး ကျေးရွာ၏ အဖွဲ့အစည်း ချိတ်ဆက်ပြမြေပုံ (ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်) သည် ထပ်တိုး ပြောင်းလဲချက်များ မရှိပါ။ ကျေးရွာတွင်းအဖွဲ့ အစည်းများလည်း ထပ်တိုးခြင်း၊ လျော့နည်းခြင်းများ မရှိပါ။**

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(င) အရင်းအမြစ်များအပေါ် အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့် ဆုံးဖြတ်နိုင်မှု သုံးသပ်ချက်







အရင်းအမြစ်များအပေါ် လွှမ်းမိုးမှု နှင့် ဆုံးဖြတ်နိုင်မှု

**အရင်းအမြစ် အသုံးပြုမှု/ထိန်းချုပ်မှု (ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်)**

- အရင်းအမြစ်ပိုင်ဆိုင်မှု၊ အသုံးပြုမှုတို့တွင် သဒ္ဓရာအင်းလေးကျေးရွာ၏ အမျိုးသားများသည် ဖောကား၊ သုံးဘီး၊ ကုန်တင်ကား၊ ရေစုပ်စက်၊ နွား၊ လှည်း စသည့် အသုံးအဆောင် ပစ္စည်းများကို အသုံးပြုနေကြသည်ကို တွေ့ရပါသည်။
- အမျိုးသမီးတို့မှာ အပ်ချုပ်စက် တစ်မျိုးတည်းကိုသာ သီးသန့်အသုံးပြုကြသည်ဟု သိရပါသည်။
- သဒ္ဓရာအင်းလေးကျေးရွာရှိ အမျိုးသားနှင့် အမျိုးသမီးတို့ အတူအသုံးပြုနေကြသော အသုံးအဆောင်ပစ္စည်းများမှာ ဆိုင်ကယ်၊ စက်ဘီး၊ လမ်း၊ ဇရပ်၊ ဘုန်းကြီးကျောင်း၊ မြစ်၊ ကိုင်း/ လယ် စသည်တို့ဖြစ်ကြပါသည်။
- အမျိုးသားတို့၏ ပိုင်ဆိုင်မှု၊ ထိန်းချုပ်မှုတွင် လယ်/ ကိုင်း၊ ဖောကား၊ သုံးဘီး၊ ကုန်တင်ကား၊ ရေစုပ်စက်၊ နွား၊ လှည်း စသည်တို့ ဖြစ်ကြသည်။
- အမျိုးသမီးတို့မှာ အပ်ချုပ်စက်ကိုသာ သီးသန့်ပိုင်ဆိုင်မှု၊ ထိန်းချုပ်မှု ပြုကြကြောင်း သိရပါသည်။
- အမျိုးသားနှင့် အမျိုးသမီး အတူပိုင်ဆိုင်မှု၊ ထိန်းချုပ်မှု ပြုနေကြသော အရင်းအမြစ်များမှာ ဆိုင်ကယ်၊ စက်ဘီး၊ လမ်း၊ ဇရပ်၊ ဘုန်းကြီးကျောင်း၊ မြစ် စသည်တို့ဖြစ်ကြပါသည်။
- **ယခု တတိယနှစ် စက်ဝန်းတွင် သဒ္ဓရာအင်းလေး ကျေးရွာ၏ အရင်းအမြစ်များ အသုံးပြုမှု၊ ထိန်းချုပ်မှု(ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်) သည် စီမံကိန်းဒုတိယနှစ်မှ ဆွေးနွေးမှုများအတိုင်း ဖြစ်ပြီး အသစ်ထပ်တိုးပြောင်းလဲမှုများ မရှိပါ။**

**၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ**

<u>(စ) ပင့်ကူအိမ်ကွန်ယက်နှင့်သုံးသပ်ချက်</u>





ပင့်ကူအိမ်ကွန်ယက်

**<u>ပင့်ကူအိမ်ကွန်ယက် (ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်)</u>**

- သ္မွရာအင်းလေးကျေးရွာ၏ အမျိုးသမီးများသည် အမျိုးသားများထက် ပညာရေး လက်လှမ်းမှီမှု၊ ရာခိုင်နှုန်း သာလွန်နေသည်ကို တွေ့ရပါသည်။
- သို့သော် အလုပ်အကိုင်၊ အခွင့်အလမ်း၊ ဝင်ငွေရရှိမှုတို့မှာ အမျိုးသားများနည်းတူ အခွင့်အရေး မရရှိသည်ကို တွေ့ရပါသည်။
- အမျိုးသမီးများသည် အိမ်မှုကိစ္စလုပ်ငန်းများတွင် အချိန်များစွာ ပေးရသောကြောင့် အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်မှု၊ အုပ်ချုပ်ရေး၊ ဝင်ငွေရရှိသော လုပ်ငန်းများတွင် အချိန်ပေးနိုင်မှု အားနည်းနေခြင်း ဖြစ်သည်ဟု သုံးသပ်မိပါသည်။ အမျိုးသမီးများသည် အမျိုးသားများထက် ရာ ခိုင်နှုန်းသာလွန်နေသည်ကို တွေ့ရှိရပါသည်။
- **ယခု တတိယနှစ်စက်ဝန်းတွင် သ္မွရာအင်းလေး ကျေးရွာ၏ ပင့်ကူအိမ်ကွန်ယက်( ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်) သည် အသစ်ထပ်မံ ပြောင်းလဲတိုးတက်မှု မရှိခဲ့ပါ။**

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(ဆ) ကျေးရွာအခက်အခဲပြဿနာအပေါ် သုံးသပ်ချက်





အခက်အခဲ ပြဿနာများ

**<u>အခက်အခဲပြဿနာများ (ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်)</u>**

- ကျေးရွာ၏ အခက်အခဲ၊ ပြဿနာများကို အမျိုးသားနှင့် အမျိုးသမီး အဖွဲ့ခွဲ၍ ဆွေးနွေးစေခဲ့ရာ အမျိုးသားများမှ ဖော်ထုတ်ခဲ့သော အခက်အခဲများမှာ လျှပ်စစ်မီးမရှိခြင်း၊ ရေတွင်း/ ရေကန် မပြည့်စုံခြင်း၊ လမ်းများမကောင်းခြင်း၊ စိုက်ပျိုးရေး အထောက်အပံ့များမရှိခြင်း၊ အရင်းအနှီးငွေ မရှိခြင်း စသည်တို့ဖြစ်ကြပါသည်။
- အမျိုးသမီးများမှ ဖော်ထုတ်ခဲ့သော အခက်အခဲများမှာ အလုပ်အကိုင်ရှားပါးခြင်း၊ လျှပ်စစ်မီး မရှိခြင်း၊ ကျန်းမာရေးဝန်ဆောင်မှု နည်းပါးခြင်း၊ လက်လုပ်လက်စားများအတွက် အိမ်တွင်းမှု လုပ်ငန်း များနည်းပါးခြင်း၊ မွေးမြူရေးအတွက် အထောက်အပံ့များ မရရှိခြင်း စသည်တို့ ဖြစ်ကြပါသည်။
- **ယခု တတိယနှစ်စီမံကိန်း စက်ဝန်းတွင်** အသစ်ဖော်ထုတ်ဆွေးနွေးချက် မထွက်လာခဲ့ပါ။

**၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ**

(၉) ကျေးရွာ မျှော်မှန်းချက်လုပ်ငန်းများအပေါ် သုံးသပ်ချက်





ကျေးရွာမျှော်မှန်းချက်

**<u>ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းချက်များ ( ဆွေးနွေးချက်နှင့် ဆန်းစစ်ချက် )</u>**

- သဒ္ဓရာအင်းလေးကျေးရွာ၏ မျှော်မှန်းချက်များကို အမျိုးသားနှင့် အမျိုးသမီး အုပ်စုခွဲ၍ ဖော်ထုတ်ကြ ရာတွင် မိမိတို့ကျေးရွာ၏ အခက်အခဲများအပေါ် မူတည်ပြီး ဆွေးနွေးဖော်ထုတ်ခဲ့ကြပါသည်။
- အမျိုးသားများ၏ မျှော်မှန်းချက်များမှာ လျှပ်စစ်မီးလင်းရမည်။ ရွာတွင်း ကွန်ကရစ်လမ်း ဖြစ်ရမည်။ စိုက်ပျိုးရေး/ မွေးမြူရေးအတွက် ချေးငွေများရရှိရမည်။ အသေးစားအိမ်တွင် စက်မှုလုပ်ငန်းများ ပွံ့ပိုးမှုရှိရမည်။ စိုက်ပျိုးရေးအတွက် စက်ပစ္စည်းအထောက်အပံ့ ရရှိရမည် စသည်တို့ဖြစ် ကြပါသည်။
- အမျိုးသမီးများ၏ မျှော်မှန်းချက်များမှာ ရေတွင်း/ ရေကန်ပြည့်စုံရမည်။ လျှပ်စစ်မီးလင်းရမည်။ ချေးငွေ/ ထောက်ပံ့ငွေ လုံလောက်စွာ ရရှိရမည်။ အလုပ်အကိုင်၊ အခွင့်အလမ်းများ ပွင့်လင်းရမည်။ ကျန်းမာရေး ဆေးပေးခန်း/ ဝန်ဆောင်မှုရှိရမည် စသည့်မျှော်မှန်းချက်များကို ဆွေးနွေးထားကြသည့်အပြင်
- **ယခု တတိယနှစ် စက်ဝန်းတွင်** ရေလုံလောက်စွာရရှိရမည်ဟု အမျိုးသမီးများမှ အဓိကထားပြီး ဆွေးနွေးဖော်ထုတ်ခဲ့ကြပါသည်။
- ကျေးရွာမျှော်မှန်းချက်များကို ဖော်ထုတ်ခြင်းအားဖြင့် မိမိတို့ကျေးရွာအတွက် အမှန်တကယ်လိုအပ်သော အခြေခံအဆောက်အဦနှင့် လိုအပ်ချက်များကို ကောင်းစွာသိရှိနိုင်လိမ့်မည်ဟု သုံးသပ်မိပါသည်။

## ၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

<u>(ဈ) ကျေးရွာ ဦးစားပေးလုပ်ငန်းများအပေါ် သုံးသပ်ချက်</u>




ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ

**<u>ဦးစားပေးလုပ်ငန်းများ အဆင့်သတ်မှတ်ချက် (ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်)</u>**

- ကျေးရွာ၏ လူမှုဆန်းစစ်ချက်များ၊ အခက်အခဲ၊ မျှော်မှန်းချက်များပေါ် မူတည်ပြီး၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအား ဖော်ထုတ်ဆွေးနွေးခဲ့ကြပါသည်။
- အမျိုးသားတို့သည် ဘက်စုံသုံးရေကန်နှင့် စိုက်ပျိုးရေးအတွက် စက်ပစ္စည်းအထောက်အပံ့ဟူ၍ ကျေးရွာလိုအပ်ချက်လုပ်ငန်း(၂) ခုကို ဆွေးနွေး ဖော်ထုတ်ခဲ့ကြပါသည်။
- အမျိုးသမီးများမှာ မွေးမြူရေးအတွက် နည်းပညာ၊ ချေးငွေ အထောက်အပံ့၊ ကျောင်းသား/ကျောင်းသူများအတွက် ပညာရေးအထောက်အပံ့၊ အရေးပေါ်အသုံးပြုရန် ယာဉ်၊ ဆေးပေးခန်း၊ အသေးစားချေးငွေ စသည့်ကျေးရွာလိုအပ်ချက် လုပ်ငန်းများကို ဆွေးနွေးဖော်ထုတ်ခဲ့ကြပါသည်။
- အမျိုးသားနှင့် အမျိုးသမီး နှစ်ဦးစလုံးဆွေးနွေးဖော်ထုတ်ခဲ့ကြသော လိုအပ်ချက်လုပ်ငန်းများမှာ မီးလင်းရေး( မီးကြိုးသွယ်တန်းခြင်း၊ မီးကြိုး၊ မီးသီး၊ တိုင်ထိန်းကြိုး)၊ ရေပေးဝေရေး( ရေစင်၊ ရေစက်၊ ရေစက်ရုံ၊ ရေပိုက်သွယ်တန်းခြင်း)၊ ကျေးရွာအရှေ့ပိုင်း ရေပိုက်သွယ်တန်းခြင်း၊ ကျေးရွာအရှေ့ပိုင်း ဂါလံ(၃၀၀၀၀) ဆန့်ရေကန် စသည့်ဖွံ့ဖြိုးရေး လိုအပ်ချက်များကို ဆွေးနွေးဖော်ထုတ်ခဲ့ကြပါသည်။
- **ယခု တတိယနှစ်စက်ဝန်းတွင် သဗ္ဗရာအင်းလေးကျေးရွာမှ ရွာအရှေ့ပိုင်း ရေပိုက်သွယ်တန်းခြင်း ဆိုသည့်လုပ်ငန်းခွဲ(၁) ခုကို အမျိုးသားနှင့် အမျိုးသမီးတို့မှ အဓိကရွေးချယ် ဆန္ဒပြုကြပါသည်။**
- **ဦးစားပေးလုပ်ငန်းများအဆင့်သတ်မှတ်ရာတွင်**
    - **ဦးစားပေးလုပ်ငန်းအဆင့်(၁) ရွာအရှေ့ပိုင်း ရေပိုက်သွယ်တန်းခြင်း ဆိုသည့်လုပ်ငန်း (၁) ခုကိုသာ ရွေးချယ်ခဲ့ကြပါသည်။**

၇. ကော်မတီဝင်များရွေးချယ်ခြင်း နှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ





၈. ကျေးရွာစီမံကိန်းအထောက်အကူပြု ကော်မတီအဖွဲ့ဝင်စာရင်း

အုပ်စု။ ။ ကဇင်းကြီး ကျေးရွာ။ ။ သဒ္ဒမ္မရာအင်းလေး

စတင်ဖွဲ့စည်းသည့်ရက်စွဲ။ ။၂၈- ၉-၂၀၁၇

| စဉ် | အဖွဲ့ | ရာထူး | အမည် | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ကျေးရွာစီ/ထောက် | ဥက္ကဌ | ဦးဝင်းဗိုလ် | - | ၂၀၁၇ |
| ၂ | | ဥက္ကဌ | ဒေါ်စန္ဒာဦး | ၀၉၇၇၈၇၄၃၆၈၈ | ၂၀၁၆ |
| ၃ | ဝယ်ယူရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဦးအောင်ဖြိုးဦး | ၀၉၄၂၀၀၃၈၅၃၈ | ၂၀၁၈ |
| ၄ | | အဖွဲ့ဝင် | ဒေါ်သက်သက်ခိုင် | ၀၉၇၈၅၄၄၃၇၂၄ | ၂၀၁၈ |
| ၅ | | အဖွဲ့ဝင် | ဒေါ်မြင့်မြင့်သန်း | ၀၉၇၇၄၃၆၃၀၄၄ | ၂၀၁၇ |
| ၆ | စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဒေါ်စန်းနွဲ့ | - | ၂၀၁၈ |
| ၇ | | အဖွဲ့ဝင် | ဒေါ်ဝင်းရီ | - | ၂၀၁၇ |
| ၈ | | အဖွဲ့ဝင် | ဦးခင်အောင် | ၀၉၃၀၃၉၁၁၇၉ | ၂၀၁၆ |
| ၉ | လည်ပတ်ရေးနှင့် ပြုပြင်ထိန်း သိမ်းရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဦးအောင်ကြီး | ၀၉၄၅၁၉၁၆၇၇၉ | ၂၀၁၇ |
| ၁၀ | | အဖွဲ့ဝင် | ဒေါ်မိုးမိုးစီ | - | ၂၀၁၇ |
| ၁၁ | | အဖွဲ့ဝင် | ဒေါ်အိမွန် | ၀၉၇၉၃၅၁၇၀၇၁ | ၂၀၁၈ |
| ၁၂ | ကျေးရွာငွေစာရင်းကိုင် | စာရင်းကိုင် | ဦးကျော်စိုး | - | ၂၀၁၈ |
| ၁၃ | အငြင်းပွားမှုတိုင်ကြား ဖြေရှင်းရေးဆပ်ကော်မတီ | အဖွဲ့ဝင် | ဦးတင်အောင် | ၀၉၄၂၂၅၁၁၈၄၆ | ၂၀၁၇ |
| ၁၄ | | အဖွဲ့ဝင် | ဒေါ်စန်းစန်းမော် | - | ၂၀၁၈ |
| ၁၅ | စေတနာ့ဝန်ထမ်း | အဖွဲ့ဝင် | ဦးဇော်လွင် | ၀၉၇၆၈၄၉၁၆၉၈ | ၂၀၁၈ |
| ၁၆ | | အဖွဲ့ဝင် | ဒေါ်အေးအေးမော် | - | ၂၀၁၈ |

<u>တာဝန်ကျဝန်ထမ်းများ</u>

လူထုစည်းရုံးရေးမှုး - ဒေါ်အေးသီတာ

လက်ထောက်နည်းပညာမှုး - ဒေါ်အိသန္တာအောင်

## ၉. ကျေးရွာအချက်အလက် (ပုံစံ- ၁)



### ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

လမ်းညွှန်ချက်၊ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်စဉ်း သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်၊ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းဝေးမတိုင်မီတောင်းခံရမည်၊ စီမံကိန်းမိတ်ဆက်အစည်းဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်၊ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်၊

| | | |
|---|---|---|
| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် ဦး ဝင်း မြင့် | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် ၀၉ - ၄၅ ၄၄၈၈၄၈ | လူထုစည်းရုံးရေးမှူး၏ အမည် ဒေါ်ကြည်လင် |
| ပြည်နယ်/တိုင်းဒေသကြီး ဧရာဝတီ မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ကအင်ကြီး | ကျေးရွာ သမ္ဘာကင်းလေး |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ဗမာ | ၈၄ | ဘာသာ (၁) ဗုဒ္ဓ | ၈၄ |
| လူမျိုးစု (၂) ---------- | | ဘာသာ (၂) ---------- | |
| လူမျိုးစု (၃) ---------- | | ဘာသာ (၃) ---------- | |
| လူမျိုးစုရော ---------- | | ဘာသာရော ---------- | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၁ (၆) | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | | | |
| ဝစ်ဘေးရှောင် | | | |

| လူဦးရေ | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူမျိုးစု (၁) ဗမာ | ၁၄၁ | ၁၄၈ |
| လူမျိုးစု (၂) ---------- | | |
| လူမျိုးစု (၃) ---------- | | |
| အိမ်ထောင်ဦးစီး | ၅၃ | ၃၁ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☑ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| အခြား | ☐ | | အခြား | ☐ | | ဝလီ | ☐ |
| | | | | | | အခြား ဓါတ်အားခွဲစက်ရုံ | ☑ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အလက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☑ | ☐ |
| မူကြိုဆရာ/မ | ☐ | ☑ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း (ကတ္တရာလမ်း) ကွန်ကရစ်လမ်း မော်တော်ဆိုင်ကယ်လမ်း
ကျောက်ခင်းလမ်း မြေသားလမ်း လူသွားလမ်း အခြား ______

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် ဝိုင်းပါ

(၁) လူထုဝဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? (ရှိပါသည်)/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? ခုနှစ် ၂၀၁၂ /မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? (ပြုခဲ့ပါသည်)/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် ၂ မိုင် /မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် ၅ မိနစ် ------ ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျှင်/လှေ/မော်တော်ဘုတ်/ အခြား ------------------

မိုးရာသီတွင်ကြာချိန် ၅ မိနစ် ------------ ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျှင်/လှေ/မော်တော်ဘုတ်/ အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ ----------------------------------

၁) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဝပ်ပိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) world vision

(၂) ..............................


ကျေးရွာခေါင်းဆောင် — အမည် ဦးဝင်းမြိုင်

လက်မှတ် ______ နေ့စွဲ ၈.၉.၁၇

လူထုစည်းရုံးရေးမှူး — အမည် ဒေါ်ကြည်သာလင်း

လက်မှတ် ______ နေ့စွဲ ၈.၉.၁၇.

## ၁၀. စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ- ၂)



ပုံစံ - ၀ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| ပြည်နယ်/တိုင်း ဧရာဝတီ | မြို့နယ် [illegible] | ကျေးရွာအုပ်စု [illegible] | ကျေးရွာ [illegible] |

နေ့စွဲ ၂၈ . ၄ . ၂၀၁၇

| စီမံကိန်းအဆင့်များ | နေ့စွဲ | | အစည်းအဝေးတက်ရောက်သူများ | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား | အမျိုးသမီး | စုစုပေါင်း | ရာခိုင်နှုန်း |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၂၈-၄-၂၀၁၇ | ၂၈-၄-၂၀၁၇ | ၁၈ | ၂၇ | ၄၅ | ၆၈ \| ၅၅ |
| ၂။ ကျေးရွာစုံညီအစည်းအဝေး | ၂၈-၄-၂၀၁၇ | ၂၈-၄-၂၀၁၇ | ၁၈ | ၂၇ | ၄၅ | ၆၀ \| ၆၀ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့်အစည်းအဝေး | ၂၇-၁၀-၂၀၁၇ | ၂၇-၁၀-၁၇ | ၁ | - | ၁ | ၆၈ \| ၁ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မရှိ | မရှိ | မရှိ | မရှိ |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မတီ၏ဆုံးဖြတ်ချက်ကို ရှာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | |
| ၆။ စီမံကိန်းလုပ်ငန်းစီမံခန့်ခွဲမှုဆိုင်ရာ အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၆.၂။ ဂယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းစွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းစွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | |

## ၁၁. ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ- ၃)

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃)

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် [illegible] | | | |
| နေ့စွဲ ၂၈ . ၉ . ၂၀၁၇ | | စက်ဝန်းအား အမှတ်ခြစ်ပါ (✓) ☐ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ✓ စက်ဝန်း(၃) ☐ စက်ဝန်း(၄) | |
| မြို့နယ်/တိုင်း ဧရာဝတီ | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ကကောင်းကြီး | ကျေးရွာ သဲဖျာကုန်းလေး |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | လျှပ်စစ်မီး မရှိခြင်း | ၁ | အလုပ်အကိုင်ရှားပါးခြင်း |
| ၂ | ရေတွင်းရေကန် မလုံလောက်ခြင်း | ၂ | လျှပ်စစ်မီး မရှိခြင်း |
| ၃ | လမ်းများမကောင်းခြင်း | ၃ | ကျန်းမာရေးဝန်ဆောင်မှု နည်းပါးခြင်း |
| ၄ | ကျန်းမာရေး အထောက်အပံ့များ မရှိခြင်း | ၄ | ငွေအား လုပ်သားများအတွက် အမြဲတမ်း လုပ်ငန်းများ |
| ၅ | အလင်းရှိ မလုံလောက်ခြင်း | ၅ | မွေးဖွားရေးအတွက် အထောက်အပံ့များ မရှိခြင်း |
| ၆ | | ၆ | |
| ၇ | | ၇ | |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | လျှပ်စစ်မီး လင်းလာမည်- | ၁ | ရေတွင်းရေကန်များ ဖြည့်ဆည်းရရှိမည်. |
| ၂ | ရွာတွင်း ကွန်ကရစ်လမ်း ဖြစ်လာမည် | ၂ | လျှပ်စစ်မီး လင်းလာမည် |
| ၃ | ကျန်းမာရေး / မွေးဖွားရေးဆေးခန်းများ ရရှိလာမည်. | ၃ | ဈေးဆိုင် / အောက်ခြေဈေးများ ပိုလောက်စွာ ရရှိလာမည်. |
| ၄ | ကလေး စိတ်ဝင်စားစွာ တက်ရောက်နိုင်သည့် ကျောင်းများ ပံ့ပိုးရရှိလာမည်. | ၄ | အလုပ်အကိုင် အခွင့်အလမ်းများ ပွင့်လာမည်. |
| ၅ | ကျန်းမာရေး၊ အက်ပတ္တည်း အထောက်အပံ့များ ရရှိလာမည်. | ၅ | ကျန်းမာရေးဆေးပေးခန်း / ဝန်ဆောင်မှုများ ရရှိလာမည်. |
| ၆ | | ၆ | |
| ၇ | | ၇ | |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ရေပိုက် [illegible]ခြင်း | ကျား + မ | <၃၀သိန်း | (၂၈၉)အိုး |
| ၂ | မီးလင်းရေး | ကျား + မ | ၄၀သိန်း | (၂၈၉)အိုး |
| ၃ | | | | |
| ၄ | | | | |
| ၅ | | | | |
| ၆ | | | | |
| ၇ | | | | |
| ၈ | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။


| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | [illegible] အတွက်စက် မရှိသောကြောင့် | ကျား | |
| ၂ | မွေးမြူရေး အတွက် ရင်းနှီးငွေ / ချေးငွေ မရသောကြောင့် | မ. | |
| ၃ | ကျောင်းသား/ကျောင်းသူများ အတွက် ပညာရေး [illegible] | မ. | |
| ၄ | အရေးပေါ် [illegible] | မ. | |
| ၅ | အသေးစား ချေးငွေ. | မ. | |

ဥက္ကဋ္ဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ဦး[illegible] ---------- လက်မှတ် ---------- နေ့စွဲ ၂၈.၉.၂၀၁၇

ဒေါ်[illegible] [illegible] ၂၈.၉.၂၀၁၇

# ၁၂. ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ- ၄)



လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃)

ပုံစံ - ၈ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

လမ်းညွှန်ချက်။ စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ်ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။

| | |
|---|---|
| ကျေးရွာစည်းရုံးရေးမှူး/ဂန်ထမ်းအမည် ဒေါ်ဇော်သီတာ (CF) ၊ ဒေါ်မီသဉ္ဇာဇော် (TF) | |
| နေ့စွဲ ၂၇.၁၀.၂၀၁၇ | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(✓) □စက်ဝန်း(၁) □စက်ဝန်း(၂) ☑စက်ဝန်း(၃) □စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ရခိုင် ; မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ကသင်းကြီး |

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက် အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| ကြီးကြာတန်း | ဂုံးပေါက် (၃) ခု၊ ကျောင်းရှိရွာတွင်းလမ်း ချောင်းကျောက်ခင်း | (၂၁'x၇'x၇'-၆") (၁၅'x၇'x၇'-၆") (၁၆'x၇'x၇'-၆") (၁၀၄၆'x၁၀'x၆") | ၂၇၇ | □ ကျား □ မ ☑ ကျား+ မ | ၈,၇၀၀,၀၀၀ | ၁၀၀,၀၀၀ | - | - | ၈,၈၀၀,၀၀၀ |
| ရှမ်းတောင်ယာ | ကွန်ကရစ်မီးတိုင် (၁) တိုင်နှင့် မီးကြိုးတပ်ခြင်း | (၁) တိုင်၊ ၁၁၅၇ မီတာx၂ | ၂၂၃ | □ ကျား □ မ ☑ ကျား+ မ | ၂,၂၀၀,၀၀၀ | - | ၈၀၀,၀၀၀ | (ဒု-ဒုမီးလက်ကျန်ငွေ) | ၃,၀၀၀,၀၀၀ |
| ကသင်းကြီး | ဂုံးပေါက် (၂) ခု | (၁၇'x၅'x၃') (၂၅'x၅'x၃') | ၃၉၂ | □ ကျား □ မ ☑ ကျား+ မ | ၄,၅၀၀,၀၀၀ | ၁၀၀,၀၀၀ | - | - | ၄,၆၀၀,၀၀၀ |
| သဲဗျူရအင်းလေးကွက်သစ် | ရေစေးစရေး (ပန့် + ရေပိုက်+ ရေမီတာ) | သဲတွင်းပန့် +၆၂" ၂၆၅၀ x ၂ + ၇၉ လုံး | ၂၀၈ | □ ကျား □ မ ☑ ကျား+ မ | ၅,၅၀၀,၀၀၀ | ၃၀၀,၀၀၀ | - | - | ၅,၈၀၀,၀၀၀ |
| | | | | □ ကျား □ မ □ ကျား+ မ | | | | | |
| ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် လက်မှတ် ရက်စွဲ | | | | | ၂၁,၁၀၀,၀၀၀ | ၅၀၀,၀၀၀ | ၈၀၀,၀၀၀ | | ၂၂,၄၀၀,၀၀၀ |

၁ ဦး ဝင်းနိုင် (၂) ဒေါ်ဖြူဝင်းလှိုင် ၂၇.၁၀.၂၀၁၇

လူထုဗဟိုပြုစီမံကိန်း၊စီမံကိန်းလက်ကွဲ

အပိုင်း-၃ ၉.၉.၂၀၁၅

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | | | | □အမျိုးသား<br>□အမျိုးသမီး<br>□အမျိုးသားနှင့်<br>အမျိုးသမီး | | | | |
| | | | | □အမျိုးသား<br>□အမျိုးသမီး<br>□အမျိုးသားနှင့်<br>အမျိုးသမီး | | | | |
| | | | | □အမျိုးသား<br>□အမျိုးသမီး<br>□အမျိုးသားနှင့်<br>အမျိုးသမီး | | | | |
| | | | | □အမျိုးသား<br>□အမျိုးသမီး<br>□အမျိုးသားနှင့်<br>အမျိုးသမီး | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ

အမည် ③ [illegible]

လက်မှတ် (signature)

ရက်စွဲ ၂၇.၁၀.၂၀၁၇

② [illegible]

၁၃. အစည်းအဝေးမှတ်တမ်းများ

**လူထုဗဟိုပြုစီမံကိန်း** ( တတိယနှစ်စက်ဝန်း )

**ကျေးရွာအုပ်စု - ကဇင်းကြီး**

**ကျေးရွာ - သဉ္ဇာရာအင်းလေး**

**ကျေးရွာ(ပထမအကြိမ်နှင့် ဒုတိယအကြိမ်) အစည်းအဝေး** **ရက်စွဲ ၂၈- ၉-၂၀၁၇**

အစည်းအဝေးကို နံနက်(၈း၀၀) နာရီတွင်စတင်ကျင်းပခဲ့သည်။ အစီအစဉ်(၁)တွင် ကျေးရွာအုပ်စု၊ အုပ်စုအုပ်ချုပ်ရေးမှူး ဦးဝင်းမြိုင်မှ အဖွင့်အမှာစကား ပြောကြားပြီး "လူထုဗဟိုပြု စီမံကိန်း၊ တတိယနှစ်စီမံကိန်း" အကောင်အထည်ဖော်ဆောင်ရွက်ခြင်း စတင်ခဲ့ပြီဖြစ်၍ မိမိတို့ ကျေးရွာအုပ်စု အနေ ဖြင့် များစွာဂုဏ်ယူပါကြောင်း၊ အစည်းအဝေးတွင် ယခုကဲ့သို့ စုံစုံညီညီ တက်ရောက်ကြသည့်အတွက် ဝမ်းသာမိကြောင်း၊ မိမိတို့ကျေးရွာ၏ လိုအပ်သောလိုအပ်ချက် လုပ်ငန်းများကို စီမံကိန်းအဖွဲ့အစည်းမှ ဝန်ထမ်းများနှင့်အတူ ဝိုင်းဝန်းကူညီ လုပ်ဆောင်ကြလိမ့်မည် မျှော်လင့်ပါကြောင်း" စသဖြင့် အမှာစကား ပြောကြားခဲ့ပါသည်။

(၈း၁၅) နာရီတွင် လူထုဗဟိုပြုစီမံကိန်း ဝန်ထမ်းများမှ ကျေးရွာလူထုနှင့် ဝန်ထမ်းများကြား ရင်းနှီးမှုရစေရန် တစ်ဦးချင်း မိတ်ဆက်ခြင်း အစီအစဉ်ကိုပြုလုပ်ခဲ့ကြပါသည်။ ထို့နောက် စီမံကိန်းစက်ဝန်း မိတ်ဆက်ခြင်း၊ ကျားမရေးရာကဏ္ဍ၊ စီမံကိန်းတွင် ပါဝင်သူများ၏ အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများ၊ စီမံကိန်းတွင် လိုက်နာရမည့် ဆောင်ရန်/ရှောင်ရန် အချက်များ၊ အကြံပြုတိုင်ကြားရေး စနစ် အကြောင်းစ သည်တို့ကို အကျယ်တဝင့်ရှင်းလင်းပြောကြားခဲ့ပါသည်။

နံနက် (၉း၀၀) နာရီတွင် စီမံကိန်း တတိယနှစ်အတွက် ကော်မတီဝင်များ ရွေးချယ်မည် ဖြစ်၍ စေတနာ့ဝန်ထမ်းများ၏ တာဝန်ဝတ္တရားများ၊ မဲပေးရွေးချယ်ခြင်း၏ မှန်ကန်တိကျသော လျှို့ဝှက်စနစ် အကြောင်းများ ထပ်မံရှင်းပြခဲ့ပြီး စေတနာ့ဝန်ထမ်း (၂) ဦးရွေးချယ်ခဲ့ကြပါသည်။ နံနက်(၉း၄၀) နာရီတွင် ကျေးရွာစီမံကိန်း နှင့် အထောက်အကူပြုကော်မတီဝင်များ၏ တာဝန်ဝတ္တရားများအကြောင်းအား ရှင်း လင်းပြောကြားပြီးနောက် ကျေးရွာကော်မတီအဖွဲ့ဝင်များကို ရွေးချယ်ခဲ့ကြပါသည်။

နေ့လည် (၁၀း၃၀) နာရီတွင် ကျေးရွာလူထုအား အဖွဲ့များခွဲ၍ လူမှုဆန်းစစ်ခြင်း လုပ်ငန်းစဉ်များ (လူမှု နှင့် သဘာဝအရင်းအမြစ်ပြ မြေပုံ၊ အရင်းအမြစ်များအသုံးပြုမှု၊ ပိုင်ဆိုင်မှု/ထိန်းချုပ်မှု၊ ဥတုစာရင်း စံသတ်မှတ်ချက်၊ ပင့်ကူအိမ်သုံး သပ်ချက် (ကျား၊ မ)၊ ရာသီခွင်ပြက္ခဒိန်၊ အဖွဲ့အစည်း ချိတ်ဆက်မှု ပြမြေပုံ) တို့ကို ဖော်ထုတ်ရေးဆွဲ ခဲ့ကြရာ၊ ဆွေးနွေးသော အကြောင်းအရာများ၊ သုံးသပ်ချက်များသည် ဒုတိယနှစ်မှ ဆွေးနွေးဖော်ထုတ် ခဲ့ကြသောအကြောင်းအရာ၊ အချက်အလက်များ အတိုင်း ပြောင်းလဲမှု မရှိခဲ့ပါ။ ကျေးရွာတွင်း အခြေခံ အချက်အလက်များလည်း အတိုး/ အလျော့ မရှိခဲ့ကြောင်း တွေ့ခဲ့ရ ပါသည်။

နံနက်(၁၁း၃၀) နာရီတွင် ကျေးရွာဖွံ့ဖြိုးရေးစာအုပ် အကြောင်းကို စည်းရုံးရေးမှူးမှ ရှင်းပြခဲ့ပြီး၊ လက်ထောက်နည်းပညာမှူးမှ သဘာဝအကာအကွယ်နှင့် လူမှုအကာအကွယ်များအကြောင်းကို ဆက်၍ ရှင်းပြခဲ့ပါသည်။ ထို့နောက် သဗ္ဗရာအင်းလေးကျေးရွာတွင် ဖြစ်ပေါ်နေသော အခက်အခဲ ပြဿနာများ အကြောင်း ဆွေးနွေးဖော်ထုတ်ကြပြီး၊ အဓိကဖြစ်သော အချက်အလက်များကို ထပ်မံ ထည့်သွင်း ဖော်ပြခဲ့ကြပါသည်။ ကျေးရွာမျှော်မှန်းချက်များတွင် ပြောင်းလဲမှုမရှိခဲ့ပါ။

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းကို တောင်းဆိုဆန္ဒပြုကြရာ အဓိကဖြစ်သော ဖွံ့ဖြိုးရေးလုပ်ငန်းများ ထွက်လာခဲ့ပြီး၊ ဦးစားပေးအဆင့် ရွေးချယ်သတ်မှတ်ရာတွင်လည်း၊ ကျေးရွာ၏သတ်မှတ်ရွေးချယ်ချက်အရ၊ ဦးစားပေးလုပ်ငန်း (၁)ခု ရရှိခဲ့ပါသည်။

နေ့လည်(၁၂း၃၀) နာရီတွင် သဗ္ဗရာအင်းလေးကျေးရွာ (ပထမအကြိမ် နှင့် ဒုတိယအကြိမ်) အစည်းအဝေး၊ (တတိယနှစ်စက်ဝန်း) အား အောင်မြင်ပြီးမြောက်ခဲ့ပါသည်။

**လူထုစည်းရုံးရေးမှူး**

**ဒေါ်အေးသီတာ**

## ၁၄. ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| ကျေးရွာကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ | | | | | | |
|---|---|---|---|---|---|---|
| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှထောက်ပံ့ပေးသူ |
| အခြေခံအဆောက်အဦး | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| အသက်မွေးဝမ်းကြောင်း/ စိုက်ပျိုးရေး | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| ကျန်းမာရေးနှင့် အာဟာရ | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| ပညာရေး | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| အခြား | ၁ | ရွာအရှေ့ပိုင်း ရေပိုက်သွယ်တန်းခြင်း | ကျား+မ | ၂၀၁၈ | ကျေးရွာလူထု | လူထုဗဟိုပြု စီမံကိန်း |
| | | | | | | |
| | | | | | | |
| | | | | | | |